# ၁၉၆၃ ခုနှစ်၊အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေ။

## [၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ်

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤဥပဒေကို ၊ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည် ချက်ခြင်းအာဏာတည်ရမည်။

၂။ ။ ဤဥပဒေတွင် ၊ " အများနှင့်သက်ဆိုင်သောပစ္စည်း " ဆိုသည်မှာ

(က) တပ်မတော် ၊ သို့တည်းမဟုတ်

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ ၊ သို့တည်းမဟုတ် ဒေသန္တရ အာဏာပိုင် တစ်ဦးဦး ၊ သို့တည်းမဟုတ် တည်ဆဲတရားဥပဒေ တစ်ခုခု အရဖွဲ့စည်းထားသည့် ဘုတ် အဖွဲ့ ၊ ကော်ပိုရေးရှင်း ၊ ဘဏ် ၊ အခြားအဖွဲ့ တစ်ခုခု ၊ သို့တည်းမဟုတ်

(ဂ) သမဝါယမ အသင်းတစ်ခုခု ၊ သို့တည်းမဟုတ်

(ဃ) ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရက၊ အမိန့်ကြော်ငြာစာဖြင့်ကျေညာသော –

(၁) အသင်းများမှတ်ပုံတင် အက်ဥပဒေအရ မှတ်ပုံတင်ထားသည့် အသင်းတစ်ခုခု ၊

(၂) မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၆အရ ၊ကုမ္ပဏီ အဖြစ် မှတ်ပုံတင်ထားသော အသင်းတစ်ခုခု ၊

(၃) ပြည်သူတို့ ဆိုင်ရာ ယုံမှတ်အပ်နှံမှု အဖွဲ့တစ်ခုခု ၊ သို့တည်းမဟုတ်

(၄) အခြားအဖွဲ့အစည်းတစ်ခုခုပိုင်ဆိုင်သည့်၊ သို့တည်းမဟုတ် အသုံးပြုရန် လွှဲပြောင်းပေးအပ်ထားသည့်ငွေ၊ သိုလှောင်ပစ္စည်း ၊ အသုံးအဆောင် ၊ သို့တည်းမဟုတ် အခြားပစ္စည်းတစ်ရပ်ရပ်ကို ဆိုလိုသည်။

၃။ ။ မည်သူမဆို ၊ အများနှင့်သက်ဆိုင်သော ပစ္စည်းတစ်ခုခုနှင့် စပ်လျဉ်း၍ခိုးမှု ၊ အလွဲသုံးစားပြုမှု ၊ သို့တည်းမဟုတ် လိမ်လည်မှုကျူးလွန်လျှင် ၊ တသက်တကျွန်းဒဏ်ဖြစ်စေ ၊ ဆယ်နှစ်အောက် မနည်းသည့် ထောင်ဒဏ်ဖြစ်စေ ၊ စီရင်ခြင်းခံရမည့်အပြင်၊ငွေဒဏ်လည်းစီရင်ခြင်းခံရမည်။

၄။ ။ ဤဥပဒေအရဖြစ်သော ပြစ်မှုတစ်ခုခုကို ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ အခွင့်အမိန့်မရှိဘဲ ၊ မည်သည့်တရားရုံးမှာမျှ ၊ စစ်ဆေးစီရင်ပိုင်ခွင့်မရှိစေရ။ (ပြည်ထဲရေး နှင့် သာသနာရေး ဝန်ကြီးဌာန၏ ၂၁–၃–၁၉၆၃၊ ၃–၅–၁၉၆၃၊၁၂–၈–၁၉၆၃၊၁၄–၁၁–၁၉၆၃၊၉–၁၁–၁၉၆၄၊၃–၆–၁၉၈၁ နေ့စွဲပါအမိန့်ကြော်ငြာစာများတွင်၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း

ကာကွယ်စောင့်ရှောက် ရေးဥပဒေ ပုဒ်မ ၂ (ဃ) အရ အကျုံးဝင်သော အဖွဲ့အစည်းများ အသင်းများနှင့်ဂေါပကများကိုကြေညာ ထားပါသည်။)